# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

# ဘရပ်ဆဲလ်မြို့

## နိုင်ငံတကာအကူအညီအထောက်အပံ့၊
## ဈေးငွေဆိုင်ရာ သတင်းအချက်အလက်များ
## (၁၂/၂၀၁၅)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေ ယူရို ၆၈၈ သန်း ခန့် ထောက်ပံ့မည့် အီးယူ | ၁ - ၂ |
| ၂။ | တွဲဖက်မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပါဝင်ရန် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများနှင့် အခြားသောပညာရေးဆိုင်ရာအဖွဲ့အစည်းများ အား ဖိတ်ခေါ်လျက်ရှိသည့် IMPAKT စီမံချက် | ၂ - ၃ |

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေ ယူရို ၆၈၈ သန်းခန့် ထောက်ပံ့မည့် အီးယူ**

၂၀၁၄ - ၂၀၂၀ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ ဘက်စုံအသွင်ကူးပြောင်းရေးကို ကူညီပံ့ပိုးနိုင်ရန် ယူရို ၆၈၈ သန်းခန့် သုံးစွဲသွားရန် လျာထားကြောင်း ဥရောပကော်မရှင်က ၈-၁၂-၂၀၁၄ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာစိုက်ပျိုးရေးစနစ် ပိုမိုတိုးတက်ရေး၊ အစားအစာနှင့် အာဟာရအပြည့်အဝရရှိရေး၊ ပညာရေး၊ အုပ်ချုပ်မှုစနစ်၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ငြိမ်းချမ်းမှုတည်ဆောက်နိုင်ရေး စသည့်ကဏ္ဍများကို ကူညီထောက်ပံ့ပေးမည်ဖြစ်ပါသည်။

ကျေးလက်ဒေသများ၌ ဆင်းရဲမှုတိုက်ဖျက်ရာတွင် ကျေးလက်ဒေသစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးပါလှပါသည်။ သို့ဖြစ်၍ အီးယူသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာစိုက်ပျိုးရေးစနစ် ပိုမိုတိုးတက်ရေး၊ အစားအစာနှင့် အာဟာရအပြည့်အဝရရှိရေး စသည့်ကဏ္ဍများအတွက် ယူရို ၂၄၁ သန်းခန့် ထောက်ပံ့ရန် လျာထားပါသည်။

ပညာရေးကဏ္ဍအတွက် အီးယူသည် ယူရိုသန်း ၂၄၁ ခန့် ထောက်ပံ့ရန် လျာထားပါသည်။ အီးယူသည် အရည်အသွေးမြင့်ပညာရေး ရရှိမှုနှင့် ပြီးမြောက်မှု တိုးတက်စေရေး၊ ပညာရေးစနစ် ခိုင်မာလာစေရေးနှင့် ပညာရေးနှင့် လုပ်သားဈေးကွက်လိုအပ်ချက်များအကြား ချိတ်ဆက်မှုများ တိုးတက်လာစေရေးတို့ကို ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။

ဒီမိုကရေစီဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ပံ့ပိုးကူညီရန် အီးယူသည် အုပ်ချုပ်မှုစနစ်၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရစွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်ကဏ္ဍများအတွက် ယူရို ၉၆ သန်းခန့် သုံးစွဲရန် လျာထားပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထုအား ပေးလျက်ရှိသော အစိုးရဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးကို အဓိက ဦးစားပေးကူညီပံ့ပိုးသွားရန် အီးယူက စီစဉ်ထားပါသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်နှင့် နောက်ပိုင်းကာလများတွင် အများယုံကြည်လက်ခံနိုင်

သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးကို လည်း ကူညီပံ့ပိုးပေးရန် အီးယူက စီစဉ်ထားပါသည်။

ရေရှည်တိုးတက်မှုရှိသော အကူးအပြောင်းတစ်ခုအတွက် နိုင်ငံတော်ပြန်လည် ပေါင်းစည်းမှု လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ရေရှည်ခံသော၊ ခိုင်မာသော ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို မြှင့်တင်နိုင်ရေးအား ကူညီပံ့ပိုးရန် အီးယူသည် ငြိမ်းချမ်းမှု တည်ဆောက်နိုင်ရေးအတွက် ယူရို ၁၀၃ သန်း ထောက်ပံ့ရန် လျာထားပါသည်။

နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အီးယူသည် မြန်မာနိုင်ငံကို ဆက် လက်ကူညီထောက်ပံ့နိုင်ရန် အဆိုပါဘဏ္ဍာငွေများအား လျာထားသတ်မှတ်ပေးခြင်း ဖြစ်ပါ သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါနှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ကူညီ ထောက်ပံ့မှုများအပြင် အခြားသောအီးယူ၏ အကြောင်းအရာအလိုက်နှင့် ဒေသအလိုက် အစီ အစဉ်များအရ ကူညီထောက်ပံ့မှုများကိုလည်း ဆက်လက်ရရှိမည်ဖြစ်ပါသည်။ အကြောင်းအရာ အလိုက်နှင့် ဒေသအလိုက်အစီအစဉ်များတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ၊ အရပ်ဘက် လူ့အဖွဲ့အစည်း၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၊ လူသားနှင့် လူမှုရေးရာဖွံ့ဖြိုးတိုးတက် မှု၊ အစားအစာဖူလုံရေး၊ ရေရှည်တည်တံ့မှုရှိသောစွမ်းအင်နှင့် ကုန်သွယ်ရေး စသည်တို့ ပါဝင် ပါသည်။

**ကိုးကားချက် - European Commission**

**တွဲဖက်မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပါဝင်ရန် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများနှင့် အခြား သောပညာရေးဆိုင်ရာအဖွဲ့အစည်းများအား ဖိတ်ခေါ်လျက်ရှိသည့် IMPAKT စီမံချက်**

အီးယူ၏ Erasmus Mundus အစီအစဉ်အရ လုပ်ငန်းစဉ် (၂) သည် လှည့်လည် ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ဆုများနှင့် ဥရောပအဆင့်မြင့်ပညာရေးအဖွဲ့အစည်း များနှင့် တတိယနိုင်ငံအဆင့်မြင့်ပညာရေးအဖွဲ့အစည်းများအကြား မိတ်ဖက်ဆောင်ရွက်မှုများ နှင့် သက်ဆိုင်ပါသည်။ အဆိုပါလုပ်ငန်းစဉ်အရ ရွေးချယ်ခြင်းခံရသော စီမံချက်များအပေါ်

မှုတည်၍ တတိယနိုင်ငံများမှ ကျောင်းသားကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများသည် ပညာသင်ဆုများ နှင့် ငွေကြေးထောက်ပံ့မှုများ ရရှိနိုင်ပါသည်။

၂၀၁၄ ခုနှစ်တွင် အဆိုပါလုပ်ငန်းစဉ်အတွက် ရွေးချယ်ခြင်းခံရသည့် စီမံချက်များ အနက် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများ ပညာသင်ဆု အခွင့်အလမ်းများ ရရှိနိုင်စေမည့်စီမံချက်နှစ်ခုအနက် တစ်ခုမှာ IMPAKT [1] စီမံချက် ဖြစ်ပါသည်။ IMPAKT စီမံချက်သည် ၂၀၁၄ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် ရွေးချယ်ခြင်းခံရသော စီမံချက်သစ်တစ်ရပ် ဖြစ်ပါသည်။

IMPAKT စီမံချက်အတွက် ဥရောပကော်မရှင်သို့ လျှောက်ထားသည့်တက္ကသိုလ်မှာ ပြင်သစ်နိုင်ငံရှိ Universite de Rouen ဖြစ်ပြီး တွဲဖက်ညှိနှိုင်းဆောင်ရွက်မည့်တက္ကသိုလ်မှာ ဗီယက်နမ်နိုင်ငံရှိ National Economics University ဖြစ်ပါသည်။ အဆိုပါစီမံချက်အတွက် မိတ်ဖက်တက္ကသိုလ်စုစုပေါင်းမှာ ၁၈ ခုရှိပြီး မြန်မာနိုင်ငံမှ နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်) ပါဝင်ပါသည်။ တွဲဖက်မိတ်ဖက်တက္ကသိုလ်များနှင့် မိတ်ဖက်အဖွဲ့အစည်း ၁၁ ခုရှိပါသည်။ ယခုအခါ အဆိုပါ IMPAKT စီမံချက်တွင် ပါဝင်လိုသည့် တွဲဖက်မိတ်ဖက် တက္ကသိုလ်များနှင့် မိတ်ဖက်အဖွဲ့အစည်းအား ဖိတ်ခေါ်လျက်ရှိပါသည်။ IMPAKT စီမံချက်၏ Website လိပ်စာမှာ www.impakt-asia.eu ဖြစ်ပြီး ဆက်သွယ်ရန် Email လိပ်စာမှာ sylvain.lamourette@univ-rouen.fr ဖြစ်ပါသည်။

[1] International Mobility Programme for Academic and Knowledge Transfer